## ကျန်းမာရေးအဆင့်မြင့်မားရေးနှင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

ပြည်သူ့ကျန်းမာရေး လုပ်ငန်းများတွင် ပါဝင်သည့် ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံ အစိတ်အပိုင်းများနှင့် တစ်သားတည်း ကျယ်ပြန့်စွာ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။

ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဌာနခွဲသည် အဆိုပါလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပြီး စီမံကိန်းရေးဆွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြပ်ဆန်းစစ်ခြင်း လုပ်ငန်းများကို ဗဟိုအဆင့်တွင် ဆောင်ရွက်ပါသည်။ ၎င်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပါဝင်ပါသည်။

အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများသည် ကုသရေး၊ မိခင်နှင့်ကလေးကျန်းမာရေးနှင့် သားဆက်ခြားခြင်း၊ ကြီးထွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အာဟာရဖွံ့ဖြိုးမှု၊ ကာကွယ်ဆေးထိုးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဒေသအလိုက်ဖြစ်ပွားသော ရောဂါများကာကွယ်နှိမ်နင်းရေး၊ အဓိကဆေးဝါးများဖြန့်ဖြူးရေးနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ပါဝင်သည့် ပေါင်းစည်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။